Lakeview
SCHOOL DISTRICT

Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

Lakeview အထက်တန်းကျောင်းသူ၊သား၏မိဘများ

"အခြေအနေကိုကိုယ်ကိုတိုင်မပြောင်းနိုင်သောအခါ ကိုယ့်ကိုကိုပြောင်းလဲရန် ကျွန်ုပ်တို့ကိုစိန်ခေါ်သည်" – Viktor E. Frankl

Covid-19 အခြေအနေကို ကျွန်ုပ်တို့မထိန်းချုပ်နိုင်ဘဲ ၎င်းမှကဗာကြီးကိုပြောင်းလဲနေပါတယ်။ ဤအခြေအနေကြောင့်ကျွန်ုပ်တို့ ဘယ်လိုပြောင်းလဲမှာနည်း။ ရွေးချယ်ရန်နှစ်ခုရှိပါသည်- (၁)မဖြစ်ခင်ထက် ပိုပြီးဆိုးရွားအောင်နေမည်၊ သို့မဟုတ် (၂) မဖြစ်ခင်ထက် ပိုကောင်းအောင်နေမည်။ ကျောင်းသားများ ဤအတွေ့အကြုံမှ ခံနိုင်ရည်အသစ်နှင့် အရည်အချည်းအသစ်ဖြင့် ထွက်လာနိုင်ရန် ကျွန်ုပ်တို့အားလုံးမှာ တာဝန်ရှိပါသည်။ ဤကာလကို ကျွန်ုပ်တို့ဘယ်လောက်ဆုံးရှုံးနစ်နာသနည်းဆိုသော မှန်ဘီလူးဖြင့်ကြည့်ရန် အလွန်လွယ်ကူသော်လည်း ကျွန်ုပ်တို့ဘယ်လောက်အမြတ်ရသနည်းဟုကြည့်နိုင်ရန် တိုက်တွန်းချင်ပါသည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ကျန်သည့်ကျောင်းသင်နှစ်အတွက် မျက်နှာချင်းဆိုင်စာသင်ခြင်းကို ပယ်ပျက်ပြီးဖြစ်သောကြောင့် ဝေးလံခေါင်သီသင်ယူမှုစနစ်သို့ လုံးဝပြောင်းရွှေ့သွားပါသည်။ အမှန်ပြောရမည်ဆိုလျှင် မည်သည့်အွန်လိုင်းသင်ယူမှုက ဆရာကိုယ်တိုင်မျက်နှာချင်းဆိုင်သင်ပေးခြင်းကို မှီနိုင်မည်မဟုတ်ပါ။ အခုမှစပြီး ဇွန်လအထိ အွန်လိုင်းဖြင့်လုပ်သွားမည့်သင်ယူမှုသည် ကျောင်းတွင်သင်ပေးခြင်းနှင့် တူညီမည်မဟုတ်ပါ။ အရည်အချင်းပြည့်ဝသည့်ဆရာများ၏ အခန်းထဲသင်ပေးခြင်းကို မည်သည့်အွန်လိုင်းသင်းယူမှုမှ နေရာယူလို့ရမည်မဟုတ်ပါ။ သို့သော်လည်း သင်ယူမှုလုံးဝရက်တန့်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သင်ယူမှုဆက်လက်ဖြစ်ပျက်ပြီး ကျောင်းသားအရောက်စီတိုင်း စာဆက်လက်သင်ယူခြင်းသည် အင်မတန်မှအရေးကြီးပါသည်။ မိဘများကို အရင်ပတ်သတင်းပေးသည့်အတိုင်း ဆက်လက်အကောင်ထည်ဖော်သွားမည်ဖြစ်ပြီး ယခုချိန်၌ ကျောင်းသင်နှစ်အဆုံးအမှတ်ပေးစနစ်နှင့်ပတ်သက်ပြီး ပြောသွားပါမည်။

***<u>အခန်းအမှတ်နှင့်ခရဲဒိတ်ပေးပုံပေးနည်း</u>***

ကျောင်းသားများ စာရင်းသွင်းထားသည့်အခန်းများတွင် ခရဲဒိတ်ရမည်ဖြစ်သော်လည်း ဆရာများ၏အွန်လိုင်းအခန်းများတွင် ကျောင်းစာလုပ်ပြီးတင်စရာ မလိုအပ်ပါ။ အခန်းအားလုံးကို အောင်/ ရှုံးဖြင့် အမှတ်ပေးမည်။ တတိယသုံးလပိုင်းစာသင်ကာလအတွက် ၅ ရက်သာကျန်သဖြင့် မျှတသည့်အမှတ်ပေးနည်းသည် အောင်/ ရှုံးစနစ်သာဖြစ်သည်။ ဤစာသင်ကာလအတွက် အောင်/ရှုံးပေးခြင်းသည် တက္ကသိုလ်ဝင်နိုင်ရန်အတွက် အနှောင့်အယှက်ပေးမည်မဟုတ်ကြောင်း သတင်းရထားပါသည်။ ကျောင်းပိတ်ခြင်းကြောင့် နိုင်ငံတစ်လျှောက်ရှိကျောင်းအများစုလည်း အောင်/ရှုံးအမှတ်ပေးစနစ်သုံးကြောင်း သိရပါသည်။

***<u>ကျောင်းပြီးမည့် ၁၂ တန်းကျောင်းသားများ၏ ခရဲဒိတ်</u>***

၂၀၂၀ ကျောင်းသင်နှစ်ဘွဲ့ရမည့် ကျောင်းသားများအတွက် ဘွဲ့ရရန်လိုအပ်သည့်ခရဲဒိတ်ကို ၃၃.၅ မှ ၃၂.၅ သို့လျှော့ထားပါသည်။ ခရဲဒိတ်ပြည့်ရုံသာမက အထက်တန်းဘွဲ့ရယူနိုင်ရန် ပြည်နယ်ကန့်သတ်ထားသော လိုအပ်သည့်ဘာသာအားလုံးကိုလည်း ပြီးစည်းရမည်ဖြစ်သည်။

Lakeview
SCHOOL DISTRICT

Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

***Chromebook နှင့် Wifi Hotspots***

ကွန်ပျူတာနှင့် အင်တာနက်မရှိသည့် မိသားစုများအတွက် Chromebook နှင့် Wifi hotspots များရရှိနိုင်မည်ဖြစ်သည်။ ဧပြီ ၈ ရက်နေ့မှစပြီး ၂၆၉-၅၆၅-၃၇၁၁ သို့ ဖုန်းခေါ် ပြီး Chromebook နှင့် Wifi hotspots ရယူရန် ရက်ချိန်းလုပ်နိုင်ပါသည်။ ဤ Wifi hotspots များသည် ကန့်သတ်သည့်ပလန် (plan) ဖြစ်သောကြောင့် Comcast သို့မဟုတ် AT&T ၏ Covid-19 ကြောင့်လျှော့ဈေးပေးသော ပလန် (plan) များကို အသုံးပြုရန် တိုက်တွန်းလိုပါသည်။

***အဆောက်အအုံအသုံးပြုခွင့်***

ပြည်နယ်အုပ်ချုပ်ရေးမှူးက ကျောင်းအဆောက်အအုံများကို ကန့်သတ်အသုံးပြုခွင့်ပေးသော်လည်း CDC အကြံပြုသည့်အတိုင်း ဧပြီ ၃၀ ရက်ထိ အားလုံးမိမိအိမ်၌သာ နေသင့်ပါသည်။ Covid-19 ကြောင့် သေဆုံးသွားသည့် ပထမဦးဆုံးလူနာလည်း ဤအပတ်အတွင်း Calhoun County တွင်စတင်ရှိပါသည်။ ကျောင်းဝန်ထမ်း၊ ကျောင်းသားများ၊ မိဘများနှင့် ကွန်မြူနတီလူထုအားလုံး၏ လုံခြုံရေးအတွက် ဧပြီ ၃၀ ရက်ထိ ကျောင်းအဆောက်အအုံများကို ပိတ်ပါမည်။ ကျောင်းမှယူလိုသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံစွာရယူနိုင်သည့် အချိန်ကာလရောက်သောအခါ ဆက်လက်သတင်းကြားပါမည်။

***ကျောင်းဆင်းဘွဲ့နှင်းသဘင်***

ကျောင်းဆင်းဘွဲ့နှင်းသဘင်ရှိမည်ဖြစ်သော်လည်း ဆွဲထားသည့်နေ့စွဲတွင်လုပ်နိုင်မည်ဟု ကတိမပေးနိုင်ပါ။ ပြည်နယ်အုပ်ချုပ်ရေးမှူးထံမှ လူအများစုပါဝင်သည့် ပွဲများလုပ်နိုင်သည့် အမိန့်ပြန်ရမှသာ လိုအပ်သလို နေ့စွဲအသစ်ကြည့်နိုင်မည်ဖြစ်သည်။

***ကျောင်းကပွဲနှင့်အခြားပွဲသဘင်များ***

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ဆုံးဖြတ်ချက်အပေါ် မူတည်ပါမည်။ ယခုအချိန်တွင် ဆွဲထားသည့်နေ့များတွင် ပွဲလုပ်နိုင်မည်မဟုတ်ကြောင်းသေချာသလောက်ရှိပြီး ပြန်လည်စီစဉ်မည့်အခြေအနေလည်း မရှိပါ။ သတင်းထူးရှိလျှင် ဆက်လက်သတင်းပေးသွားပါမည်။ ဘွဲ့ဝတ်စုံနှင့် ဦးထုပ်များကို ဧပြီ ၃၀ ရက်နောက်ပိုင်း ကျောင်းအဆောက်အအုံများပြန်ဖွင့်သောအခါ ယူနိုင်ပါမည်။

***ကျောင်းပိုင်သည့် အားကစားကွင်းနှင့် ကလေးကစားရာနေရာများ***

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ "အိမ်နေရမည်" အမိန့်ကြောင့် ကျောင်းပိုင်အားကစားကွင်းနှင့် ကလေးကစားရာနေရာများကို မည်သူမျှမသုံးနိုင်ပါ။

Spartan ဂုဏ်ဆောင်ရင်း၊
Blake J. Prewitt Ed.S.
ကျောင်းကြီးကြပ်ရေးမှူး